# အမေရေ

အမေရဲ့ငြိမ်းချမ်းရေးယုံကြည်ချက်ကို

သားတို့လက်ဆင့်ကမ်းသယ်ဆောင်ရင်း

အမေရဲ့အိမ်မက်တွေကို သားတို့တွေလည်း

ဆက်မက်နေကြတယ်။

အမေတို့ခေတ်ရဲ့ ရန်ခုန်သံတွေဟာ

အခုသားတို့ရဲ့ အသက်ရှူသံတွေပါဘယ်။

အမေတို့တည်ဆောက်ခဲ့တဲ့ နိုင်ငံချစ်စိတ်တွေ

သမဂ္ဂအစဉ်အလာတွေ

အမှန်တရားထံ သက်ဝင်ယုံကြည်မှုတွေကို

အမွေဆက်ခံပြီး

တော်လှန်ရေးခရီးကို သားတို့ဆက်လှမ်းနေကြတယ်။

အမေတို့ တွေ့ချင်မြင်ချင်တဲ့ကမ္ဘာဟာ

သားတို့ တွေ့ချင်မြင်ချင်တဲ့ကမ္ဘာပါဘယ်။

အမေတို့ မမောမပန်း

လျှောက်လှမ်းခဲ့တဲ့

တော်လှန်ရေးဆိုတဲ့ခရီးလမ်းဟာ

သားတို့လည်း မမောမပန်းပဲ

ဆက်လက်လျှောက်လှမ်းချင်ပါတယ်။

ဆက်လက်လျှောက်လှမ်းသွားမယ်လို့လည်း

ဂတိပြုပါတယ်။

သားတို့ အသက်နဲ့အမျှဂါရဝထားရတဲ့

အမေရေ

အမှန်တရားက အောင်ပွဲခံတဲ့နေ့မှာ

အမေ့ကို ရှိနေစေချင်ပါတယ်၊

ကျနော်တို့လည်း ရှိနေချင်ပါတယ်၊

အရာအားလုံးလည်း ရှိနေစေချင်ပါတယ်။

အမေအေပါအဝင်

ပြည်သူလူထုပို့သတဲ့မေတ္တာနဲ့

ကျနော်တို့ လွတ်မြောက်ရှင်သန်နေဆဲပါ။

ကျနော်တို့နဲ့အတူ

တော်လှန်ရေးစိတ်ဓာတ်လည်း

လွတ်မြောက်ရှင်သန်နေဆဲပါ။

ကျနော်တို့အတွက်

ကျနော်တို့နိုင်ငံအတွက်

လူသားအားလုံးအတွက်

အမေ ကျန်းကျန်းမာမာနဲ့

ဆက်လက်မေတ္တာပို့

စောင့်ရှောက်နိုင်ပါစေ။ ။

**ဗကသများအဖွဲ့ချုပ်**